


# ဘာသာရပ်ဆိုင်ရာ မျှော်မှန်းချက်များ

အထက်တန်းဘွဲ့ ယူရန် ကျောင်းသားများသည် အထက်တန်းအဆင့်သင်္ချာ၃ခရက်ဒစ်အပါအဝင် စုစုပေါင်း ၂၂ ခရက်ဒစ်ရယူရမည်။ ထုံးစံအတိုင်းမှာ Algebra I, Geometry နှင့် Algebra II တို့ဖြစ်သည်။ စတ္တုတနစ် မလိုတော့သည့်အတွက် ကောလိပ်သွားမည့်ကျောင်းသားတစ်ယောက်အနေနှင့် ကောလိပ်အဆင့် ဗဟုသုတများနှင့်ကျွမ်းကျင်မှုများထည့်သွင်းထားသည့် ကောလိပ်အဆင့်ဘာသာရပ်များ (AP)အပြင် အထက်တန်းအဆင့်သင်္ချာဘာသာရပ်များ တတ်မြောက်ထားသင့်သည်။ ကျောင်းသားတစ်ယောက်အနေနှင့် မိမိအသက်မွေးဝမ်းကျောင်းအစီအစဉ် မိမိသွားလိုသည့်ကောလိပ်နှင့် မိမိလိုအပ်ချက်များနှင့်အကောင်းဆုံးကိုက်ညီသည့် အကြံညဏ်များ အထက်တန်းဘွဲ့ ယူရန်လိုအပ်ချက်များအတွက် မည့်သည့်ဘာသာရပ်အတွဲများယူရမည်ကိုဆုံးဖြတ်ရန် ကျောင်းအကြံပေးနှင့်တွေ့ ဆုံသင့်သည်။
အဓိကဘာသာရပ်များမအောင်မြင်ခဲ့သောကျောင်းသားများကို ခရစ်ဒစ်ဖြည့်ရန် အစားထိုးအစီအစဉ်များတွင်ပါဝင်ခိုင်းနိုင်သည်။ ကျောင်းသားပြန်ဖြည့်ရန်လိုအပ်သည့်ဘာသာရပ်ပေါ်မူတည်ပြီး ခရက်ဒစ်ပြန်ဖြည့်ရေးကို အွန်လိုင်း နွေရာသီကျောင်း သို့ မဟုတ် စသင်နှစ်အတွင်း စီစဉ်ပေးနိုင်ပါသည်။

**ALGEBRA I** (၁ ခရက်ဒစ်)
ဤဘာသာရပ်သည် ကျောင်းသား အလည်တန်းတွင်လေ့လာခဲ့သည့် အက္ခရာသင်္ချာသဘောတရားများကို ထပ်တိုးချဲ့ထွင်ထားခြင်းဖြစ်သည်။ ဤဘာသာရပ်အပြီးတွင် ပြည်နယ် မေးပွဲဖြေဆိုခွင့်ရှိသည်။
CCLS စနစ်တွင် Algebra ၁ ကို ပုစ္ဆာစုများအား အဓိကထားလေ့လာသည်

- ဖွဲ့ စည်းတည်ဆောက်ပုံကို ဖေါ်ထုတ်ခြင်း
- ပိုလီနိုမီရယ်မျဉ်းပေါ်မှ arithmetic ပုစ္ဆာများအဖြေရှာခြင်း
- ကိန်းဂဏန်းများ သို့ မဟုတ် အဆက်စပ်များကို ဖေါ်ပြည်သည့် ညီမျှခြင်းများ တည်ဆောက်ခြင်း
- ညီမျှခြင်းများအဖြေရှာခြင်းသည် ကျိုးကြောင်းဆင်ခြင်ခြင်းလုပ်ငန်းစဉ်နှင့်ရှင်းပြခြင်းဟုနားလည်ခြင်း
- ကိန်းရှင်တစ်ခုဖြင့် ညီမျှခြင်းမညီမျှခြင်းများအားအဖြေရှာခြင်း
- ညီမျှခြင်းမညီမျှခြင်းများကို ပုံပြမျဉ်းဖြင့်တင်ပြအဖြေရှာခြင်း
- မှီကိန်းသင်္ကေတအသုံးပြုပုံနှင့် မှီကိန်းသဘောတရားများနားလည်လာမည်
- ဆက်စပ်သဘောတရားများဖြစ်ပေါ်စေသော မှီကိန်းများကို နားလည်သဘောပေါက်စေခြင်း
- မျဉ်းကြောင်းပုံစံမေါ်ဒယ်များကိုဘာသာပြန်ခြင်း

**ဂျီသြမေထြီ** (၁ ခရက်ဒစ်)
ဤသင်ရိုးသည် ကျောင်းသားအလည်တန်းတွင် တွေ့ ကြုံခဲ့သည့် ဂျီသြမေထြီများကို ပိုမိုချဲ့ထွင်ထားခြင်းဖြစ်သည်။ ကျောင်းသားများသည် ပိုမိုရှုပ်ထွေးလာသည့် ဂျီသြမေထြီများကိုလေ့လာပြီး ၎င်းတို့ အဆက်စပ်များကိုပိုမိုနားလည်လာစေသည်။ ဤဘာသာရပ်အပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုခွင့်ရှိသည်။
CCLS စံနစ် ဂျီသြမေထြီတွင် Clusters များကိုအဓိကထားလေ့လာသည်

- ဂန်ရိုးမျဉ်းများအရထပ်တူညီမှုများနားလည်လာမည်
- ဂျီအိုမက်ထရစ်သီအိုရမ်များကို သက်သေပြရမည်
- ပုံစံတူများပုံစံပြောင်းမှုအရ ပုံစံတူများအကြောင်းနားလည်လာမည်
- ပုံစံတူများကိုအသုံးပြု၍သီအိုရမ်များကိုသက်သေပြရမည်
- တြီဂိုနိုမေထြီအချိုးများသတ်မှတ်ပြီး ထောင့်မှန်တြိဂံများပါဝင်သည့်ပုစ္ဆာများကို အဖြေရှာခြင်း
- ကိုသြဒိနိတ်များကိုအသုံးပြု၍ ဂျီသြမက်ထရစ်သီအိုရမ်များကို ကိန်းဂဏန်းများဖြင့်သက်သေပြခြင်း
- ပုံစံငယ်များတွက်ချက်သည့်အခြေအနေများတွင် ဂျီသြမေထြီသဘောတရားများကို အသုံးချရမည်

## သင်္ချာ ၉-၁၂

**ကျောင်းသားများသည် အထက်တန်းဘွဲ့ ယူရန် ပြည်နယ်စာမေးပွဲတွင် သင်္ချာဘာသာရပ်တစ်ခု အောင်မြင်ရမည်။** အောက်ပါပြည်နယ်စာမေးပွဲများ ကမ်းလှမ်းထားပါသည်။

- Algebra I
- Geometry
- Algebra II

သင်္ချာအတန်းများတက်နေသည့်ကျောင်းသားများသည် ၎င်းတို့ တိုးတက်မှုစံကိုတိုင်းတာရန် အခါအားလျော်စွာ စာမေးပွဲဖြေရသည်။
ကျောင်းသားများ ပြည်နယ်ဒီပလိုမာကို အဆင့်မြင့်အစီအစဉ် ဖြင့်ရလိုပါက ပြည်နယ်စာမေးပွဲ ၈ခုကို ၆၅မှတ် သို့ မဟုတ် အထက်ဖြင့်အောင်ရမည်ဖြစ်ပြီး ၎င်းတို့ ထဲမှသုံးခုမှာ သင်္ချာများဖြစ်ရမည်။
ထို့အပြင် ကျောင်း သားသည် အပိုခရက်ဒစ်နှစ်ခုကို Languages Other Than English (LOTE) နှင့် ဒေသတွင်းပုံဖေါ်ထား သည့် Checkpoint B LOTE စာမေးပွဲမှ သို့ မဟုတ် Arts or Career and Technical Education (CTE) မှ အစဉ်လိုက်ငါးယူနစ် အောင်မြင်ရမည်။

ကျောင်းအကြံပေးများမှ ဂုဏ်ထူးဆောင်အစီအစဉ် အခြားနည်းလမ်းများ သို့ မဟုတ် ကျောင်းပြောင်းကျောင်းသားများအတွက် လိုအပ်သည့်ရှင်းလင်းညွှန်ကြားချက်များ ထောက်ပံ့ပေးနိုင်ပါသည်။



**ညွှန်ကြားရေးရုံး**
**ဘဖလိုးအစိုးရကျောင်းများ**

# သင်္ချာ ၉-၁၂



မိဘများအတွက် လုပ်ဆောင်ရန် အရပ်အမြွက်

သင်္ချာကို ကျောင်းသားရဲ့နေ့စဉ်လုပ်ငန်းတာအစီအစဉ်ထဲမှာထည့်ထားပါ။ ကျောင်းမှပုစ္ဆာများကို ပြန်လည်သုံးသပ်တွက်ချက်ပါစေ။

ကိုယ့်တုန်းက သင်္ချာကိုဘယ်လောက်ကြောက်ရကြောင်းဘယ်လောက်ခက်ကြောင်းမပြောပါနှင့် ကျောင်းသားကိုစာသင်သားတစ်ယောက်အနေနှင့်မိမိကိုယ်ကိုယုံကြည်မှုတိုးပွါးပါစေ။ စိတ်ခါတ်ခွန်အားတိုးပွါးစေခြင်းသည် ကျောင်းသား၏အောင်မြင်ရေးသော့ချက်ဖြစ်သည်။

အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများဆွေးနွေးပြီး အလုပ်လိုအပ်ချက် နည်းပညာအောင်လက်မှတ်များ တွဲဖက်ဒီဂရီများ သို့မဟုတ် ကောလိပ်တွင်လိုအပ်လာမည့်သင်္ချာအဆင့်ကို အတူတကွစုံစမ်းပါ။ သူနာပြု စက်မောင်း စာရင်းကိုင် အင်ဂျင်နီယာ ကွန်ပြူတာအသုံးပြုဒီဇိုင်း မော်တော်ကားပြုပြင် စာသင်ခြင်း လက်သမားအပါအဝင် အလုပ်များအားလုံးတွင် သင်္ချာအထိုက်အလျောက်လိုအပ်ပါသည်။

သင်္ချာပိုမိုတိုးတက်လာစေရန် Mathalicious ကဲ့သို့ အရင်းမြစ်များကို အသုံးပြုရန်စဉ်းစားပါ။ အတွက်အချက်အထောက်ကူပြုစေရန် Khan Academay မှ ဗီဒီယိုအတိုလေးများကိုကြည့်ကြည့်ပါ။

ဂျီဩမေတြီသက်သေပြချက်များကို အမြဲမှအစထိ ပြောင်းပြန်ပြန်စစ်ပါ။ မည်သည့်နေတွင်သက်သေပြရန်လိုအပ်သည် စစ်ဆေးပါ။ ထိုနောက် အဖြေရရန် မည်သည့်အချက်အရင်လာရမည်ဆိုသည်ကိုစဉ်းစားပါ။

ဂျီဩမေတြီပုစ္ဆာတစ်ပုဒ်သို့မဟုတ် စာတစ်ပုဒ်တွက်နည်းတနည်းဖြင့်တွက်ပြီးသည့်အခါ ထိုပုစ္ဆာကိုပဲ အခြားနည်းဖြင့်တွက်ကြည့်ရန်ကျိုးစားပါ။

ALGEBRA II (၁ ခရက်ဒစ်)

တစ်ထပ်ကိန်းများ ထပ်ညွှန်းကိန်းများ ဆတိုးလုပ်ဆောင်ချက်များနှင့်တွက်ချက်သည့်အခါတွင် ကျောင်းသားသည် ကျိုးကြောင်းစဉ်ချင်နိုင်မှု အခြေခံလုပ်ဆောင်ပုံများနှင့် polynomial ကိုလေ့လာရနိုင်သည်။ လော့ဂရစ်သမ်ကိုအသုံးပြု၍ ထပ်ညွှန်းပုစ္ဆာများကိုတွက်ချက်ခြင်း ရှုပ်ထွေးသောကိန်းဂဏန်းများနှင့် quadratic ပုစ္ဆာများကိုအဖြေရှာခြင်းများအပါအဝင် ကျောင်းသားများသည် လုပ်ဆောင်ပုံများကိုဖော်ပြသည့်ပုစ္ဆာများကိုတွက်ချက်ရပြီး ညီမျှခြင်းများကိုအဖြေရှာရန်နှင့် မိမိစွမ်းရည်ပိုမိုတိုးတက်လာစေရန် ဆက်လက်လုပ်ဆောင်ရသည်။ ဤသင်ရိုးအပြီးတွင် ပြည်နယ်စာမေးပွဲဖြေဆိုရန်ကမ်းလှမ်းထားပါသည်။

CCLSစံနှစ် Algebra II တွင် Clusters များကိုအဓိကထားလေ့လာသည်။

- ထပ်ညွှန်းကိန်းများ၏ဂုဏ်သတ္တိမှ ထိပ်ကိန်းများ၏ယုတ္တိသဘောတရားများသို့ တိုးချဲ့သင်ယူသည်
- ပုစ္ဆာများကိုအဖြေရှာရန် တူညီသောပုံစံများကိုဖော်ပြချက်များရေးသားရသည်
- သုညများနှင့် polynomials အချက်များကြား ဆက်သွယ်မှုကိုနားလည်လာမည်
- ညီမျှခြင်းပုစ္ဆာများအဖြေရှာခြင်းသည် ဖြစ်စဉ်ကိုဆင်ခြင်ရခြင်းဖြစ်ပြီး ထိုစဉ်းစားဆင်ခြင်ခြင်းကိုရှင်းပြရခြင်းဖြစ်သည်ကိုနားလည်စေရန်
- ညီမျှခြင်း မညီမျှခြင်းပုစ္ဆာများကို အဖြေရှာရပြီး ပုံပြမျဉ်းများဖြင့် ဖော်ပြရမည်
- ပမာဏနှစ်ခုကြားမှဆက်စပ်မှုကိုပုံဖော်ပေးသည့် လုပ်ဆောင်ပုံကိုတည်ဆောက်ရမည်
- လက်တွေ့လုပ်ဆောင်မှုများ လေ့လာမှုများ စစ်တမ်းပုံစံငယ်များမှ ဆုံးဖြတ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြရမည်

PRECALCULUS နှင့် အဆင့်မြင့်ခေါင်းစဉ်များ ( ၁သင်ရိုးခရက်ဒစ်)

ဂန်ရိုးမျဉ်းပေါ်မှအမှတ်များချိတ်ဆက်သည့်အမှတ်များကိုပိုမိုနားလည်စေခြင်းဖြင့်ကျောင်းသားများသည် ပေးထားသည့်အမှတ်များကို ဂန်ရိုးပေါ်မှအမှတ်များဖြင့်မြှောက်ခြင်းဖြင့် ထိုအမှတ်များကိုဂန်ရိုးပေါ်မှသုညနှင့်ထိုအမှတ်များကို ပိုမိုနားလည်လာစေသည်။ ကျောင်းသားများသည် ကိုဩဒိနိတ်ဂန်ရိုးများ၏ဖော်ပြချက်များ လည်ပါတ်မှုများလုပ်ဆောင်ပုံများအတွက် ပုံစံများကိုကရိယာများအဖြစ်အသုံးပြုသည်။ အလားတူပင် linear ညီမျှခြင်းများအတွက်အဖြေရှာရာတွင်လည်းအသုံးပြုသည်။ ထပ်ညွှန်းကိန်းများနှင့်လော့ဂရစ်သမ်လုပ်ဆောင်ပုံများကြားမှ အဆက်စပ်ကိုလေ့လာခြင်းအားဖြင့် ပြောင်းပြန်လုပ်ဆောင်ပုံများကိုလေ့လာကြပြီး လော့ဂရမ်သမ်လုပ်ဆောင်ပုံများ၏ဒိုမိန်းကိုထိမ်းချုပ်ခြင်းဖြင့် ၄င်းတို့ ပြောင်းပြန်များကိုခွင့်ပြုသည်။

CALCULUS (၁ သင်ရိုးခရက်ဒစ်)

ဤသင်ရိုးတွင် ခြားနားခြင်း ပေါင်းစပ်ခြင်း ပွားများခြင်း အင်တီဂရယ်များ၏ ပြတ်သားမှုမပြတ်သားမှုနှင့် ကဲကုလသင်္ချာများပါဝင်သည်။ ပုံမှန်အားဖြင့်ကျောင်းသားများသည် လေ့လာမှုဂဲဩမေတြီ မူလလုပ်ဆောင်ပုံများနှင့် တြီဂိုနိမေတြီများအပါအဝင် အကြိုကဲကုလသင်္ချာများကိုလေ့လာပြီးဖြစ်သည်။

AP CALCULUS (၁သင်ရိုးခရက်ဒစ်)

အေပီကဲကုလသည် ကောလိပ်အဆင့်သင်ရိုးဖြစ်ပြီး ကျောင်းသားများကို ကဲကုလသဘောတရားများနှင့်၄င်း၏ စနစ်များနှင့်ပုစ္ဆာများကို ကျောင်းသားများထိတွေ့နားလည်စေရန်ပုံဖော်ထားခြင်းဖြစ်သည်။ ဤဘာသာရပ်တွင် အောက်ပါခေါင်းစဉ်များပါဝင်သည်- လုပ်ဆောင်ပုံများ မျဉ်းများ အကန့်သတ်များနှင့် ဆက်စပ်မှု မတူညီသောကဲကုလများ (အနက် ပုစ္ဆာနှင့် ဒုတိယဆင့်ပွားများ ဆင့်ပွားလုပ်ဆောင်ပုံ အမှတ်တစ်ခုမှဆင့်ပွား စသည့်ဆင့်ပွားများတွက်ချက်ပုံများအပါအဝင်) နှင့် အင်တီဂရယ်ကဲကုလ သတ်မှတ်ချက်များ ပိုလာနှင့် ညွှန်ရပ်ပြလုပ်ဆောင်ပုံများ ကွန်းစတန့်နှင့်တိုင်လာစီးရီးများအပါအဝင် အင်တီဂရယ်နှင့်ပိုလီနိမိရယ်မှန်းခြေပုစ္ဆာများ ပါဝင်သည်။

AP STATISITCS (၁သင်ရိုးခရက်ဒစ်)

အေပီကဲကုလသည် ကောလိပ်အဆင့်သင်ရိုးဖြစ်ပြီး ကျောင်းသားများကို စာရင်းပြုခြင်း ခွဲခြမ်းစိတ်ဖြာခြင်း အချက်လက်များမှ ဆုံးဖြတ်ချက်များချခြင်းတို့အတွက် အဓိကသဘောတရားများနှင့်ကရိယာများကို မိတ်ဆက်ပေးရန်ပုံဖော်ထားခြင်းဖြစ်သည်။ ကျောင်းသားများကို ကျယ်ပြန့်လှသည့် အယူဆသဘောတရားလေးခုနှင့်မိတ်ဆက်ထားသည်-

- ✓ အချက်လက်များလေ့လာခြင်း- ပုံစံများကိုဖော်ပြပြီး ပုံစံများမှ ကွဲထွက်ပုံ
- ✓ နမူနာယူခြင်းနှင့်လက်တွေ့စမ်းသပ်ခြင်း-လေ့လာမှုတစ်ခု စီမံဆောင်ရွက်ပုံ
- ✓ ပုံစံများ ကြိုတင်မျှော်မှန်းခြင်း- ဖြစ်နိုင်ချေများနှင့်လုံ့ဆော်မှုများကိုအသုံးပြုပြီး ကျပန်းဖြစ်ရပ်များလေ့လာခြင်း
- ✓ ကိန်းဂဏန်းဆိုင်ရာကောက်ချက်- လူဦးရေနယ်နိမိတ်တွက်ချက် ဖြစ်နိုင်ချေများစမ်းသပ်

Survey of Geometry, Principles of Algebra နှင့် Algebra ၂ မှ ၁ နှင့် ၂မှ၂ တို့ကဲ့သို့ အခြားခရက်ဒစ်ရနိုင်သည့်ဘာသာရပ်များယူခြင်းအားဖြင့် မိမိအကျိုးရနိုင်မည်လားဆိုသည်ကို ကျောင်းသားများအနေဖြင့်၄င်းတို့အကြံပေးများဖြင့်တိုင်ပင်သင့်သည်။